## TE TIRITI O WAITANGI

# ဝိုက်တန်ဂီစာချုပ်၏ အနှစ်ချုပ်

(၁၈၄၀)ခုနှစ် ၊ ဖေဖော်ဝါရီလ (၆)ရက်နေ့တွင်ဝိုက်တန်ဂီစာချုပ်ကိုပထမဦးဆုံးလက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်အားပင်ရင်းဌာနေလူမျိုးမော်ရီတို့၏မော်ရီဘာသာဖြင့်ရေးသားခဲ့ပြီးစာချုပ်နာမည်မှာ **Te Tiriti o Waitangi** (ဝိုက်တန်ဂီစာချုပ်) ဖြစ်ပါသည်။ ဝိုက်တန်ဂီစာချုပ်၏အနှစ်ချုပ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

## နိဒါန်း

ဘုရင်မကြီးသည်နယူးဇီလန်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်စိုးမိုးနိုင်ခွင့်ကိုမော်ရီလူမျိုးများအားထိန်းသိမ်းထားရှိစေပြီး အားလုံးသောလူမျိုးများကိုငြိမ်းချမ်းစွာအတူတကွနေထိုင်စေလိုသည်။ ဤသဘောတူညီချက်သည် နယူးဇီလန်တွင်ယခုရှိသည့်ဘုရင်မကြီး၏လူမျိုးများနှင့်နောင်တွင်ရောက်ရှိမည့်သူများအတွက်အုပ်ချုပ်ရေးအဖွဲ့တစ်ခုကိုစီစဉ်ပြဌာန်းခြင်းဖြစ်သည်။

## ပထမအပိုဒ် KO TE TUATAHI

မော်ရီပင်ရင်းလူမျိုးများမှအင်္ဂလန်ဘုရင်မကြီးအားနယူးဇီလန်နိုင်ငံတွင်အုပ်ချုပ်ရေးမှူးအကြီးအကဲတစ်ဦးထားရှိခွင့်ပေးသည်။

## ဒုတိယအပိုဒ် KO TE TUARUA

ဘုရင်မကြီးသည် မော်ရီလူမျိုးတို့၏ လွပ်လပ်ခွင့်၊ ၎င်းတို့၏မြေနှင့် ၎င်းတို့အတွက်အလေးထားအရေးကြီးသမျှအရာအားလုံးကိုမော်ရီလူမျိုးမှကြီးမှူးထိန်းချုပ်ထားရှိမှုအားသဘောတူလက်ခံသည်။ မော်ရီလူမျိုးတို့၏မြေကို ၎င်းတို့မှရောင်းလိုပါက ဘုရင်မကြီးအားဝယ်ယူခွင့်ရှိစေသည်။

## တတိယအပိုဒ် KO TE TUATORU

ဘုရင်မကြီးသည် မော်ရီလူမျိုးများအား ဗြိတိသျှလူမျိုးများအတိုင်း အခွင့်အရေးများရှိစေမည့်အကြောင်း အတည်ပြုသဘောတူသည်။

## စတုတ္ထအပိုဒ် (နှုတ်စကားကတိ)

အုပ်ချုပ်ရေးမှူးအကြီးအကဲသည် မော်ရီလူမျိုး၏ဓလေ့ထုံးတမ်းများနှင့် နယူးဇီလန်နိုင်ငံရှိအမျိုးမျိုးသော ကိုးကွယ်ယုံကြည်မှုများကိုကာကွယ်ပေးရန်ကတိပေးသည်။